# တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ

# MÒNGZØ̄NGCÈ DVCÌRÌÒ LÚNKV́NG DĀNG KUPGAR ROQRIM WE TÓNGDVRÁRÌ

(အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၉)
Mvnglip vrìngkaru rø̄zèr: 48 /2019
၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
1381 nóng,Wākōng shvlashí 8 ni
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)
( 2019 nóng, August shvlá 23 ni )

## HÒMÀ


| Rø̄zèr | Mvtú | Mv́r |
|---|---|---|
| 1. | (1) Tut<br>Bø̀ng nvng àngrvjùng dvtanwe | 1 |
| 2. | (2) Tut.<br>Gomidi nvng bv̀nlì mvdò poqshiwe | 4 |
| 3. | (3) Tut<br>Móngwálmè mø̀-íni<br>móngwál taq mòngzø̄ngcèrì sv́ngzà<br>wulaq vbø̀m vhánglv́m bv̀nlì<br>wàlvm dāng | 4 |
| 4. | (4) Tut<br>Mòngzø̄ngcè dvcìrìò<br>lúnkv́ng roqrimlvm dāng | 5 |
| 5. | (5) Tut<br>Tāsvng rvzòngdang shvrvm shvrá we | 10 |
| 6. | (6)Tut<br>Rvmánzǿngrì wàlv́mdāng | 12 |
| 7. | (7)Tut<br>Angdāngdāng | 14 |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>ကော်မတီနှင့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း | ၄ |
| ၃။ | အခန်း(၃)<br>တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင်<br>တိုင်းရင်းသားရေးရာနှင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုး<br>တိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း | ၄ |
| ၄။ | အခန်း(၄)<br>တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး<br>ကာကွယ်စောင့်ရှောက်ခြင်း | ၅ |
| ၅။ | အခန်း(၅)<br>အငြင်းပွားမှုဖြေရှင်းခြင်း | ၁၀ |
| ၆။ | အခန်း(၆)<br>စီမံကိန်းများအကောင်အထည်ဖော်<br>ဆောင်ရွက်ခြင်း | ၁၂ |
| ၇။ | အခန်း(၇)<br>အထွေထွေ | ၁၄ |

**Móngngø̀m dànī Myanmar móngdan vsuyaq**
**Mòngzø̄ng dvcìri dang wunjí ràlv̀ng**
**Mvnglip vrìngkàru røzer: 48/2019**
**1381 nǿng, Wākōng shvláshí 8 ni**
**(2019 nǿng, August 23 ni)**

Mòngzø̄ng dvcìrì dāng wunji ràlv̀ng nø mòngzø̄ngcèrìò lúnkv́ng kupgār roqrimwe dvráciq 34 dvgv̀ng (A) taq tvlēshaq wá lúnshìlòng svng cv̀n nø̀ móngngø̀m vsúyaqò nønt vráweí yalong tóngdvrá svng dvkāngshie.

## (1) Tut
## Bø̀ng nvng āngrvjùng dvtānew

1. Yalong tóngdvrá svng mòngzø̄ngcèrìò dāng kupgar roqrim tóngdvrárì, wa nø̀ tǿ ràe.

2. Yālong tóngdvrá taq vbáwe mvtúkàri nø mòngzø̄ngcèrìò lúnkv́ng svng kupgar roqrimwe dvrá taq vbálong angrvjùng dø í ràe.Vrá pv̄ngrām taq kàrì nø dvtanshaq dø tiqdvchá angrvjùng í ràē.

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
# အမိန့်ကြော်ငြာစာအမှတ်   ၄၈/ ၂၀၁၉
# ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်   ၈   ရက်
# (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ  ၂၃  ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၃၄ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(A) **Dvrá** nø mòngzø̄ngcèrìò lúnkv́ng svng kupgār roqrimwe dvrá svng wae.

(B) **Dvlà** wawe nø tóngdvrárì taq vbáwe dvlà sv̀ng wae.

(C) **Rvzòng dāng** wa we nø mòngzø̄ngcè vdòng tāsvng tàlē mø-íni mòngzø̄ngcèri vdòngtaq mòngzø̄ngcèrìò lúnkáng kupgarwe dvráciq 2 dvgv̀ng (F) dø mòngzø̄ngcè dāng nvng sing nø vzī vrùng wālòng svng wae.

(D) **Lúnkáng zā nø̀ sǿm we** wālòng nø puqhāng dvrá nvng mòngzø̄ngcè dvcìrìò lúnkv́ng kupgar dvrá dø̄ mòngzø̄ngcè dvcìrìò lúnkv́ng zā nø sǿmwe svng wae.

(က) **ဥပဒေ** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ကို ဆိုသည်။

(ခ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသည့် ပုံစံတစ်မျိုးမျိုးကို ဆိုသည်။

(ဂ) **အငြင်းပွားမှု** ဆိုသည်မှာ တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ)ပါ တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုကို ဆိုသည်။

(ဃ) **အခွင့်အရေးနစ်နာဆုံးရှုံးမှု** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုကို ဆိုသည်။

(E) **Rvmánzǿng** wāwe nø mòngzø̄ngcèrìò rvgaqzàng vdòng vbø̀m vnv́nglv́m bv̀nlìri, rvgaq dvpø̀ lùò nø̀ lá:ngòrì, sv́ngzà laqmù, wulaq tvrà nvng dvgádø angdāngdāng wá lúnlv́m bv̀nlìrì svng wae.

(F) **Vháng vlún dāng vtǿnwe mòngzø̄ngcèri** wāwē nø yā wunjí ràlv̀ngí vháng vlúnlv́m vtǿn we rvgaq, wa nø̀ àngkvtkvt mvnglip dvkā:ngo nø̀ zø̄ngmat wàòwe rvgaq taq tø̀ngzø̄ng vlwe mòngzø̄ngceri sv̀ng wae.

(င) **စီမံကိန်း** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်း လုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားသောကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်သော လုပ်ငန်း များကို ဆိုသည်။

(စ) **ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ** ဆိုသည်မှာ ဦးဝန်ကြီးဌာနက ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည့်ဒေသအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသောနေရာဒေသများတွင် အခြေချနေထိုင်သည့် တိုင်းရင်းသားလူမျိုးများကို ဆိုသည်။

**(2) Tut**

**Gomidi nvng bvnli mvdo poq we**

3. Wunjí ràlv̀ng nø móngzø̄ngcè dvcìrìò kà, kàrū, nímzì bø̄nyā, tónglaqyàrì, **dvcì mvshv́l pvrá rì nvng mèbv̀n mvshǿl shvniq ri*** roqgarlv́m, vhánglv́m nv̀ng **v**háng vlúnlvm vtǿnwe mòngzøngcèrìò sv́ngzà laqmù lvpat vháng vlúnlv́m bv̀nlì wá lúnlv́m rvt sīngv̀ngwe dvgá móngngø̀m ràlv̀ngrì nvng vrashì dángí ràwe gōmidi nvng bv̀nli mvdòri poq lúnshìe.
4. Wunjí ràlvng nø tóngdvráciq 3 dø poqòwe gomidi nvng bv̀nli tvnúng mvdòò bv̀nlìrì svng dvmvtna ràe.

**(3) Tut**

**Móngwálmè mø̀-íni móngwál taq**

**Mòngzøngcerì dāng nv̀ng**

**Sv́ngzà wulaq vbø̀m vnv́ng vhánglv́m bv̀nlìrì wàlv́m dāng**

5. Móngngø̀m wunji nø sīngv̀ngwe móngwálmè mø̀-íni móngwál taq mòngzø̄ngcè dāng nvng mòngzø̄ngcèrìò sv́ngzà wūlaq lvpat hànglv́m dāng bv̀nlìrì svng muqhǿm vrāshi lúnlv́m rvt singv̀ng we móngwálmè mø-íni móngwál wunjíchuk nvng vrāshi nø̀ sīngv̀ng we móngwálmè mø̀-íni móngwál wunjí svng bv̀nlì vwála nø̀ shvrī lúnshìe.

***10-7-2020ni taq nvmlvt poq dvcøp shìe.**

## အခန်း(၂)
## ကော်မတီနှင့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ **အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို*** ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး လိုအပ်သော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃ အရ ဖွဲ့စည်းသော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

## အခန်း(၃)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၅။ ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့်ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းနိုင်သည်။

*၁၀-၇-၂၀၂၀ရက်နေ့တွင် ပထမအကြိမ်ပြင်ဆင်သည်။

6. Tóngdvrá 5 dø bv̀nli vwál nø̀ shvriwe wunji nø vdèí wá ràwe bv̀nlìrì sv̀ng kǿngtøp wá lúnlv́m dvpvt singv̀ng we móngwálmè mø-íni móngwál taq vlwe dvgá wunji ràlvngri, vsuyaq ràlvngri, vsuyaq àngmvdòrì, vdè øpgøm vkánglún móng mø-íni vdè øpgøm vkánglún shǿlshú mvdò nvng rà nī rà dø vrāshi nø̀ wá lúnshìe.

## (4) Tut
## Móngzø̄ngcè dvcìrìò lúnkv́ng kupgar roqrimwe

7. Móngzø̄ngcè dvcìrì nø vdèò mòngzø̄ng dvcìriò lúnkv́ng dāng sǿm nø̀ zàlv́m í nìgø, lúnkv́ng dāng sǿmlv́m zàlv́m dø í nìgø kupgarwe wá lúnlv́m dvpvt singv̀ngwe móngwálmè mø-íni móngwál vsuyaq mvdò svng dvlà (1 ) taq dvtá ràe.

၆။ နည်းဥပဒေ ၅ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၄)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း

၇။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးလျှင်သော်လည်းကောင်း၊ အခွင့်အရေး နစ်နာဆုံးရှုံးနိုင်ဖွယ်ရာ ရှိလျှင်သော်လည်းကောင်း ကာကွယ် စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ ပုံစံ(၁)ဖြင့် တင်ပြနိုင်သည်။

8. Singv̀ngwe móngwálmè mø̀-íni móngwál vsuyaqí nø dvlà (1) taq shádvzvr nø̀ shún lú:ngo wēó zvngwa mòngzø̄ngcè dvcìriò lúnkv́ng sǿm nø̀ zà we mv-v̀llv́m rvt kupgarwe lúnlv́m dvpvt singv̀ngwe móngwálmè mø̀-ini móngwál taq singv̀ngwe móngzøngcè wunjí svng bv̀nli shvrī nø̀ wá rae. Singv̀ngwe móngzø̄ngcè dvcì wunjí mv-vl ninø vduwe móngwálmè mø-íni móngwál vsuyaq mvdò wunjí tiqgǿgǿ svng bv̀nli dvdvpvt nø̀ bv̀nlì shvrī ràe.

9. Tóngdvrá 8 ciq dø bv̀nlì vpvtwe wunjií nø shádvzv́r nø̀ dvta:no dāng sǿm nø̀ zāwe vl mv-vl dvtøp ràe. Dvtøpshì ke móngzø̄ngcè dvcìri zàlv́m sǿmlvm būngwe yvngshi nìnø kupgarwe wá lúnlv́m dvpvt dètø:pmò kē yv́ngshilòng svng móngwálmè mø-íni móngwál vsuyaq mvdò svng dvlà (1-A) taq dvtān nø̀ singvng we móngwálmè mø-íni móngwál wunjí ràlv̀ngrì, vsuyaq ràlvngri, vsuyaqò mvdòrì, vdè øpgø̄m vkánglún móng, vdè øpshøl vkánglún shølshú mvdòrì nvng rà ni ràdø muqhǿm shvrv́m shvráshi nø í nigø wá ràe.

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပုံစံ(၁) ဖြင့်တင်ပြချက်ကို လက်ခံရရှိသည့်အခါ တင်ပြလာသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန် ပေးအပ် ဆောင်ရွက်စေရမည်။ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး မရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။

၉။ နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီး သည် တင်ပြချက်အပေါ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ်ရမည်။ စိစစ်ချက်အရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက် ကြောင်းတွေ့ရှိပါကကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် စိစစ်တွေ့ရှိချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ(၁-က)ဖြင့် တင်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် အရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်း များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်သလိုပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

10. (A) Tóngdvrá 8 ciq dø bv̀nlì dvpvt we wunjíí nø tóngdvrá 9 ciq dø dvtøp nø̀ bv̀nlì wáshì ke mongzøngce dvcìri zā nø̀ sǿmwe yv́ngshi kènì kupgar lúnlv́m rvt móngngø̀m dvtvng íwe dvgá wunjí ràlvngri, vsuyaq ràlvngri, vsuyaqò mvdòrìò tūbùmlv́m lún ràwe yv́ngshi ninø móngwálmè mø-í ninø móngwál vsuyaq svng dvlà (1-C) taq í nigø dvtan nø̀ shádvzvr ràe.

(B) Móngwálmè mø-íni móngwál vsuyaq mvdò nø tóngdvráciq dvgvng (A) dø tiqdvchá shún lú:ngawe mvtúri svng móngngø̀m dvtv̀ng íwe wunjirì, vsuyaq ràlv̀ngri, vsuyaqò mvdòrií tūbúm ràwe yv́ngshì ninø móngngø̀m vsuyaq mvdò svng dvtut shádvzv́r nø̀ shún ràe.

(C) Wunjí ràlv̀ng nø tóngdvrá dvgv̀ng (A) dø dvtā:no nø̀ shádvzv́r lòng svng móngngø̀m dvtvng íwe wunjí ràlv̀ngri, vsuyaq ràlv̀ngrì, vsuyaqò mvdòrìí tūbúm ràwe yv́ngshi ninø móngngø̀m vsuyaq mvdò svng zv̀ndvtut dvtan nø̀ shádvzvr ràe.

၁၀။(က)နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီး သည် နည်းဥပဒေ ၉ အရ စိစစ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးနစ်နာဆုံးရှုံးမှု ပေါ်ပေါက်ကြောင်း တွေ့ရှိပြီး ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးအတွက်ပြည်ထောင်စုအဆင့်ရှိအခြားဝန်ကြီး ဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ(၁-ခ)ဖြင့်လည်းကောင်း၊သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ဝန်ကြီး ဌာနသို့ ပုံစံ(၁-ဂ) ဖြင့် လည်းကောင်း တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေခွဲ(က)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် နည်းဥပဒေခွဲ(က) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်းသုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရ အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

11. Tóngdvráciq 8 dø bv̀nli dvpvt vdū we wunjí nø vdèí wálv́m mvtú taq mòngzø̄ngcè dvcìrìò lúnkv́ng svng kupgar roqrim we wá mv-lún nìnø kadødø íwe tvra tøptøpwa pǿnadv̀ng móngwálmè mø-íni móngwál vsuyaq mvdò svng dvla (1-D) taq shúnwe wá ràe.

12. Móngwálmè mø̀-íni móngwál vsuyaq mvdòí nø tóngdvrá àngciq 11 dø shádvzv́r nø shún lú:ngòwe mvtúrì nø móngngø̀m dvtv̀ngí wá vdu tvrà íwē dvtøp lúnshì ninø vdū dø wáā lúnlv́m rvt móngngø̀m vsuyaq mvdò svng shún ràe.

13. (A) Móngngø̀m vsuyaq mvdòí nø tóngdvrá 12 dø shún lú:ngò dangtaq rà ni rà dø wá lúnlv́m rvt móngngø̀m wunjí svng bv̀nli shvri ràe.

၁၁။ နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရမည့်ကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခြင်း မရှိပါက အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ (၁-ဃ) ဖြင့် တင်ပြရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ ၁၁ အရ တင်ပြလာသည့်ကိစ္စမှာ ပြည်ထောင်စုအဆင့်တွင်ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နည်းဥပဒေ ၁၂ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(B) Móngngə̀m wunjíí nø tóngdvráciq dvgv̀ng (A) dø bv̀nli dvpvt daqìwe mòngzø̄ngcèrìò lúnkv́ng zā nø sǿmwe mvtú svng kupgārwe wá lúnlv́m dvpvt móngngə̀m vsuyaq mvdòí kàciq liqò nə̀ í nigø, móngngə̀m dvtv̀ng taq singv̀ngwe wunjí ràlv̀ngri, vsuyaq ràlv̀ngri, vsuyaqò mvdòrì nv̀ng muqhǿm shvrv́m shvráshì nə̀ gø wá ràe.

(C) Móngngə̀m wunjíí nø tóngdvrá dvgv̀ng (A) dø dvpvt we mvtúri svng bv̀nli èwàò ke rà long ninø wunjí ràlvng nvng singv̀ngwe dvgá wunjí ràlv̀ngri kení kàdvhə̀:mò vsvngrì vbá dø móngngə̀m vsuyaq mvdò nønt vrá nə̀ gomidi poqdv̀ng bv̀nli wá lúnshie.

14. Tóngdvrá 9 ciq dø shádvzv́r nə̀ dvtáwe lúnkv́ng sǿm nə̀ zàlv́m vlrì taq singv̀ngwe móngwálmè mə̀-íni móngwál vsuyaq mvdòí kaciq liqòlong nø tv̀ngdv́ng ie.

(ခ) ပြည်ထောင်စုဝန်ကြီးသည် နည်းဥပဒေခွဲ (က) အရတာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးသည့်ကိစ္စတွင် ကာကွယ် စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ပြည်ထောင်စုအဆင့်ရှိသက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုဝန်ကြီးသည် နည်းဥပဒေခွဲ(က) အရ တာဝန်ပေးအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများမှ အဆိုပြုသည့်ပုဂ္ဂိုလ်များ ပါဝင်သော ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၄။ နည်းဥပဒေ ၉ အရ တင်ပြလာသော အခွင့်အရေးနစ်နာဆုံးရှုံးမှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

15. Tóngdvrá 10 nvng tóngdvrá 12 -í shún lú:ngòwe lúnkv́ng sǿm nø̀ zàlv́m nvng singwe mvtúri nø móngngø̀m vsuyaq mvdòí kàciq liqò lòng nø tv̀ngdv́ng íe.

## 5-Tut
## Tāsv̀ng rvzòng dāng shvrv́m shvrálòng

16. Móngngø̀m wunjíí nø mòngzø̄ngcè dìdaq mø̀-íni mòngzø̄ngcè dvcì vdòngtaq bø̀nbūngwe rvzònglv́mrì svng muqhǿm shvrv́m shvráwe nvng dvzǿl lúnlv́m rvt singv̀ngwe móngwálmè mø̀-íni móngwál wunjíchuk nvng vrāshì nø̀ singv̀ng we móngwámè mø̀-íni móngwál wunjí svng bv̀nli vwálā nø̀ shvrī ràe.

17. Móngzø̄ngcè dvcìri nø vdèò mòngzø̄ngcè didaq mø̀-íni móngzø̄ngcè dvcì vdòng rvzòngwe tiqpv̀npv̀n vl rā ke shvrv́m shvráwe lúnlv́m dvpvt móngwálmè mø̀-íni móngwál móngzø̄ngcè lúnkv́ngri kupgar dāng shølshú ràlv̀ng dvtvng keni tiqdvtv̀ng tóngdvrá 16 ciq dø bv̀nli vpvtwe wunjí svng dvlà (2) taq shún ràe.

၁၅။ နည်းဥပဒေ ၁၀ နှင့် နည်းဥပဒေ ၁၂ တို့အရ တင်ပြလာသော အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ် သည်။

## အခန်း(၅)
## အငြင်းပွားမှုဖြေရှင်းခြင်း

၁၆။ ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်းပြုနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းနိုင်သည်။

၁၇။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသား အချင်းချင်း သို့မဟုတ် တိုင်းရင်းသား လူမျိုးများအကြားတွင် အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တစ်ဆင့် နည်းဥပဒေ ၁၆ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးထံ ပုံစံ(၂)ဖြင့် တင်ပြရမည်။

18. Tóngdvrá 16 dø bv̀nlì vpvt vdū we wunjí nø rvzòng mvtú dvzø̀l daq dvgvp:-

(A) Singv̀ng we móngwálmè mø̀-íni móngwál taq vlwe dvgá wunjí ràlv̀ngrì, vsuyaq ràlv̀ngri, vsuyaqò mvdòrì, vdè øpgø̄m vkánglún móng mø̀-íni vdè øpgøm vkánglún shølshú mvdòri nvng rà ni rà dø muqhǿm vrāshì nø̀ dvzǿl ràe.

(B) Rvzòngwe mvtúrì nvng sing nø̀ shvrv́m shvráshiwe tvràrì dang singv̀n we móngwálmè mø̀-íni móngwál vsuyaq mvdò svng dvlà (2-A) taq í nìgø, móngngø̀m wunjí svng dvla (2-B) taq í nigø dvtá ràe.

19. Móngngø̀m wunjí nvng sīngv̀ngwe móngwálmè mø̀-íni móngwál vsuyaq mvdò svng tóngdvrá 18 ciq, dvgv̀ngcè (B) taqkeni dvtáwe nvng sing nø̀ rà ninø móngngø̀m vsuyaq svng shádvzv́rdv̀ng muqhǿm vrashì  nø̀ wá ràe.

၁၈။ နည်းဥပဒေ ၁၆ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးသည် အငြင်းပွားမှုများကို ဖြေရှင်းရာတွင်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အခြားဝန်ကြီးဌာနများ၊အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းရမည်။

(ခ) အငြင်းပွားမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရရှိလာသည့် ညှိနှိုင်းဖြေရှင်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ (၂-က) ဖြင့်လည်းကောင်း၊ပြည်ထောင်စုဝန်ကြီးသို့ ပုံစံ(၂-ခ)ဖြင့် လည်းကောင်း တင်ပြရမည်။

၁၉။ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ (ခ)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြပြီး ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းနိုင်သည်။

## (6) Tut
## Rvmánzǿngri wàlv́m dang

20. Mòngzø̄ngcè dvcìri vlwe rvgaq taq wàlv́m íwe rvmánzǿng dang nvng sing nø̀ rvmánzǿng shún mvyǿgǿ nø:-
    (A) Rvmánzǿng èwàò ke vju vlwe, vjúyúmwe tvràri svng rvmánzǿng wàlv́m rvgaq taq tø̀ngzø̄ng vlwe móngzø̄ngcèríí cíngràllvm dvpvt angmaqí tá sháò cí:ngò kàí, bv̀nli mè-pà:ngò vzvngkaq kømzøp dø shvládvngwā pǿnā ràe.
    (B) Myanmar móngò mvmē zá:no nø̀ ngv̀ngwe, kālap gø mà-ngūng nø̀ vbø̀m vnv́ng vhángwe rvmánzǿngò (Myanmar Sustainable Development Plan - MSDP) lvmàng dāng mv̄nggárì, tat we cìltáng cìltàrìò, bv̀nli tvyø̄rì nvng vwv́m dø wá ràe.
    (C) Wervgaq gwørhø̄m taq àngwà vlwe nvng sv́ngzàwulaqrì mvdv̀m vrúnkéò nø̀ vlíng vpo we vl mv-vl shá lúnlv́m rvt dvtøpwe nvng sv́ngzàwulaq vbø̀m vnv́ng vhánglv́m dāng vzvpkeòrì svng singv̀ng we ràlv̀ngí dvtú dø wá ràe.

## အခန်း(၆)
## စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၂၀။ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသအတွင်း ဖော်ဆောင်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူသည်-

(က) စီမံကိန်း၏ အကျိုးအပြစ်နှင့် အကြောင်းအရာများကို စီမံကိန်းအကောင်အထည်ဖော်မည့်ဒေသရှိ အခြေချ နေထိုင်သူဒေသခံတိုင်းရင်းသားများသိရှိ နားလည် စေရန် ၎င်းတို့နားလည်သဘောပေါက်နိုင်မည့် ဘာသာစကားနှင့် နည်းလမ်းများကို အသုံးပြု လျက် ကြိုတင်၍ ပြည့်စုံတိကျစွာ ရှင်းလင်း ချပြရမည်။

(ခ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက် ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ မူဝါဒရေးရာ ဦးတည်ချက်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ယင်းဒေသရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ဘဝတို့အပေါ် ထိခိုက်ပြောင်းလဲမှုဖြစ်ပေါ်စေနိုင် ခြင်းရှိမရှိ သိရှိနိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် ရေးအပေါ် သက်ရောက်မှုဆန်းစစ်ခြင်း တို့ကို သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(D) Gwørhø̄m vrúnkéò dang dvtøplv́m nvng sv́ngzàwulaq vbø̀m vnv́ng vhánglvm dang vzvpkéò tvrà dvtøpwe bv̀nli tvyø̄ò dvtv̀ng vrv̀m taq tø̀ngzø̄ng vlwe mòngzø̄ngcèrì nvng vrāshiwe chaqdvp yv́ngshi dø wá ràe.

21. Rvmánzǿng svng shú:nogǿ nø:-

(A) Tóngdvrá 20 ciq dø wáshìlòng svng rvmánzǿng mè-pà:ngo kē wunjí ràlv̀ng svng kø̄mzøp dø shádvzv́r dvtan dángí wunjiò nøntrúng kàciq lún ràe.

(B) Rvmánzǿng bv̀nli wá vdv́ngv̄m ninø vzv̀ngkaq dvgǿshìrì nv̀ng wá vdv́ngá:mì tvrà vbǿn vpøtri wunjí ràlv̀ng svng dvtān nø̀ shádvzv́r ràe.

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ၏ အဆင့်အားလုံး တွင် ဒေသခံ တိုင်းရင်းသားများနှင့် ဆွေးနွေး ညှိနှိုင်းမှုများကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင် ရမည်။

၂၁။ စီမံကိန်းအဆိုပြုသူသည်-

(က) နည်းဥပဒေ ၂၀ အရ ဆောင်ရွက်ထားရှိမှုကို စီမံကိန်းမစတင်မီ ဝန်ကြီးဌာနသို့ ပြည့်စုံစွာ အစီရင်ခံတင်ပြ၍ သဘောထားမှတ်ချက် ရယူ ရမည်။

(ခ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ပြီးစီး ပါက ကြိုတင်စီစဉ်ထားရှိမှုများနှင့် ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနသို့ တင်ပြ ရမည်။

## (7) Tut
## Angdāngdāng

22. Móngzø̄ng dvcìriò lúnkv́ng zàlv́m sǿmlv́m vl ninø̄ kupgārwe wáālv́m nv̀ng rvzònglv́m vlwe mvtúri svng muqhǿm vrāshì nø̀ dvzø̀llv́m vdū ra kē pv̄ngkaq dvtanshaq tiqdāngdāng nv̀ng sing dø shún lú:ngòrì dvzø̀lwe wá mv-daq.

(A) Dvrá róng tiqzàngzàng mvrdv̀ng taq ji:pmò, dvtø:pmo mvtut íwe dvkàri, dvráróng tiqyv́ngyv́ng dvrá jēyā:ngòlòng svng nønt mv-shø̀m nø̀ rvbut mā:no dvkà mø̀-íni dvtutwe dvkàrì.

(B) Dvráróng tiqzàngzàng kení tv̀ngdv́ng kàciqliq bǿò dvkàrì.

23. Mòngzø̄ngcèrìò lúnkv́ng kupgār dang mø̀-íni rvzòngwe dvkà dvzø̀llv́m bv̀nlì tvyø̄rì nvng sīng nø̀ singv̀ngri yv́ngkeni kāpvn zìrøk pø̀ gø gún we wá mv-daq.

## အခန်း(၇)
## အထွေထွေ

၂၂။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးပါက ကာကွယ် စောင့်ရှောက်မှုပေးခြင်းနှင့် အငြင်းပွားမှုများကို ပေါင်းစပ် ညှိနှိုင်းခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းပြုရာတွင် အောက်ပါအမှုအမျိုးအစားတစ်ခုခုနှင့် သက်ဆိုင်သော တင်ပြချက်ကို ဖြေရှင်းခြင်းမပြုရ-

(က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊

(ခ) တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသောအမှုများ။

၂၃။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်ခြင်း သို့မဟုတ် အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်သူများထံမှ မည်သည့်ကုန်ကျစရိတ်ကိုမျှ ကောက်ခံခြင်း မပြုရ။

24. Wunjí ràlv̀ng nø móngzø̄ngcè dvcìrìò lúnkv́ng zā nø̀ sǿmlv́m vl nìnø kupgar nø roqrimlv́m nvng rvzòng dāng muqhǿm vrāshì sóri dvzø̀llvm bv̀nli wáshì dvgvp rà nìnø singv̀ngrì kà shvládvngwā shǿn sháò vsv̀ngí kàtvlínglv́m wá ràe.

25. Yalòng tóngdvrá taq vbáwe mòngzø̄ngcè dvcìrìò lúnkv́ng kupgarlv́m nvng rvzòngrì dāng bv̀nli wáshì daq kē móngzø̄ngcè lunkv́ng kupgar roqrimlv́m dāng ràlv̀ngí róng bvnlì wá ràe.

26. Yālòng tóngdvrá taq vbáwe móngzø̄ngcè dvcìrìò lúnkv́ng kupgarlv́m nvng rvzòngdāng dvzø̀llv́m bv̀nlìrì svng tvnùng daq kē kǿngtøp ílv́m rvt shúnwe taq vbágǿ, vsuyaq ràlv̀ng mø̀-íni vsuyaqò mvdòrì, vdè øpgøm vkánglún móng mø̀-íni vdè øpgø̄m vkánglún shølshu mvdòri sv̀ng zǿmdv̀ngwe dangtaq muqhǿm wáshi nø̀ bv̀nlì wá ràe.

27. Mòngzø̄ngcè rìò lúnkáng kupgarlv́m mø̀-íni rvzòng tvrà dvzǿl vdūdaqke singv̀ng we mòngzø̄ngcè dvcìrìò tónglaqyà lvmàng ri gø yv́ngā nø wá ràe.

၂၄။ ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး နစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်သည့် စကားပြန်ရရှိရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၂၅။ ဤနည်းဥပဒေများပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ရုံးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၂၆။ ဤနည်းဥပဒေများပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စေရန် အလို့ငှာ တင်ပြလာသည့်ကိစ္စရပ်များနှင့် ပတ်သက်ဆက်နွှယ်သည့် ပုဂ္ဂိုလ်၊ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသည် လိုအပ်သည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းပြုရမည်။

၂၇။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် အငြင်းပွားမှု ဖြေရှင်းခြင်းပြုရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများကို အလေးထား ဆောင်ရွက်ရမည်။

28. Yālòng tóngdvrá nø mòngzō̸ngcè lúnkv́ngrì kupgarlv́m nvng rvzòngwe mvtúrì dvzø̀lwe bv̀nlì wáshi daq kē bé vdūwe zìrøk pø̀ nø mòngzō̸ngcè lúnkv́ng kupgar dang shō̸shú ràlv̀ng kení pø̀shøp søntá nvng vbóng dø lv́ng ràe.

29. Dvraciq 32 dø bv̀nlì vpvt we móngwálmè mø̀-íni móngwál vsuyaq mvdò wunjí nø singv̀ngwe mòngzō̸ngcè dang mvtúrì sv̀ng bv̀nlì tvnúng lúnlv́m rvt móngwálmè mø̀-íni móngwál vsuyaq mvdòò lúnlv́ng rvsāshi gv̀msung shìpan taq nǿng vrv̀m zv́ng nø̀ sūn we wá ràe.

30. Wunjí ràlv̀ng nø vbø̀m vnv́ng vhánglv́m vtǿnwe rvgaq svng móngngø̀m vsuyaqò nønt vrá nø̀ àngkvtkvt mvnglip dvkāng lúnshìe.

( Nay Det Lwin )
Móngngø̀m wunjí
Mòngzō̸ngcèrì dvcìrì dang wunjí ràlv̀ng

Kàru rō̸zèr: 2 /1-1 /2019 (1948)
Angni: 2019 nǿng, August shvlá 23 ni

၂၈။ ဤနည်းဥပဒေများပါ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သော ကုန်ကျစရိတ်များကို တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံသုံးစွဲရမည်။

၂၉။ ဥပဒေပုဒ်မ ၃၂ အရ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲနိုင်ရန် ဆောင်ရွက်ရမည်။

၃၀။ ဝန်ကြီးဌာနသည် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့်ဒေသများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

နိုင်သက်လွင်<br>
ပြည်ထောင်စုဝန်ကြီး<br>
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

စာအမှတ်၊ ၂ / ၁ - ၁ / ၂၀၁၉ (၁၉၄၈)<br>
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်

**Shún nȯ dvtákàru**

**( Tongdvrá 7 )**

Tuq,

________ Móngwálmè / Móngwál vsuyaq mvdò

Angnī: nǿng, shvlá ni.

Mvtú**.** **Mòngzōngcè dvcìrìò lúnkv́ng zā nȯ sǿmwe tvrà dvtá nȯ shún we.**

1.____________________________________________________

2.____________________________________________________

Wurmāl ________________________

Shún-gǿ ________________________

Móngdàncè dvtøpgȯ gorø ________________________

Angpè àngmè bȯng ________________________

Lvpat ________________________

Dvcì / Noqngȯm we ________________________

Bv̀nlì /vyā /dvtv̀ng ________________________

Toqtiplv́m v̄lzàng ________________________

Ph: ________________________

Mvdv́m: –

1. Móngwálmè /Móngwál móngzøngcè dvcì dāng wunjírì.
2. ______ Vdè øpgøm vkánglún móng/rvgaq øpshǿlshú mvdò.

ပုံစံ (၁)

**တင်ပြစာ**

**(နည်းဥပဒေ ၇)**

သို့

…………... တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု တင်ပြခြင်း**

၁။ ______________________________________________

______________________________________________

၂။ ______________________________________________

______________________________________________

လက်မှတ် ______________

တင်ပြသူအမည် ______________

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ______________

မိဘအမည် ______________

အသက် ______________

လူမျိုး၊ ဘာသာ ______________

အလုပ်အကိုင်/ ရာထူး /အဆင့် ______________

ဆက်သွယ်ရန်လိပ်စာ ______________

ဖုန်းနံပါတ် ______________

မိတ္တူကို -

၁။ တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ

၂။ ……….ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့

**Dvlà ( 1-A )**

**Dvtøp lúnshìlòng shádvzv́r kàrū**

**( Tóngdvrá 9 )**

Tuq,

_________ Móngwálmè / Móngwál vsuyaq mvdò

Angni: nǿng, shvlá ni.

Mvtú: **Móngzōngcè dvcìrìò lúnkv́ng zā nø sǿmwē tvrà dvtøp lúnlòng shá dvzv́r nò̷ shúnwe.**

Tvnuciq: Móngwálmè/Móngwál vsuyaq mvdòí bv̀nlì dvpvtkàrū.

1. Tvnūciq dø móngzō̷ngcè dvcìrìò lúnkv́ng zā nø sǿmwe mvtúri dāng rvt bvnlì dvpvt dø tiqdvchá (        ) ni kení (        ) ni høq dvtøpwe bv̀nlì wáshìe.

2. Dvtøp lúnwe angciqri nø lv̀ngpv̄ngram dø tiqdvchá ie:-

(A)____________________________________________

(B)____________________________________________

3. Wá vdūwe mvtúrì nø lv̀ngpv̄ngkaq dvtānshaqri íe:-

(A)____________________________________________

(B)____________________________________________

4. Wámvrà ciqrì nø pvngrāmtaq dvtānshaq dø íe.

(A)____________________________________________

(B)____________________________________________

5. Dvtøp nò̷ yv́ngshìwe mvtú dang dvtúlv́m rvt shu:noe.

Móngwálmè / Móngwál

MòngzōNgcè Dvcìdang Wunjí Ràlv̀ng

mò̷-íni

Bv̀nli Dvpvt Vdūwe Vsuyaq Mvdò Wunjí

Mvdv́m:–

1. Móngngò̷m Wunjí, Mòngzō̷ngce Dvcì Dang Wunjí Ràlv̀ng.
2. Róngshøp.

ပုံစံ(၁-က)

**စိစစ်တွေ့ရှိချက် အစီရင်ခံစာ**
**(နည်းဥပဒေ ၉)**

သို့

………….. တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု စိစစ်တွေ့ရှိ ချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏တာဝန်ပေးအပ်သည့်စာ

၁။ ရည်ညွှန်းပါစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်ကို ( ) ရက်နေ့မှ ( ) ရက်နေ့အထိ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________________________________

(ခ) ____________________________________________

၃။ ဆောင်ရွက်ပေးသင့်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________________________________

(ခ) ____________________________________________

၄။ ဆောင်ရွက်မပေးသင့်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________________________________

(ခ) ____________________________________________

၅။ စိစစ်တွေ့ရှိချက်အပေါ် လမ်းညွှန်မှု ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
သို့မဟုတ်
တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီး

မိတ္တူကို -

၁။ ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

၂။ ရုံးလက်ခံ

**Dvlà (1-B )**

**Dvtøp nø̀ yv́ngshìlòng dvtankàrū**

**( Tóngdvrá 10, Tóngdvrá dvgv̀ng (A) )**

Tuq,

__________ Móngwálmè / Móngwál vsuyaq mvdò

Angni: nǿng, shvla ni.

Mvtú: **Móngzōngcè dvcìrìò lúnkv́ng zā nø̀ sǿm dang Dvtøpshilòng dvtān nø̀ shádvzv́rwe.**

Tvnuciq: Mòngwlmè /Móngwál vsuyaq mvdòí bv̀nli shvrīkàrū.

1. Tvnuciq dø móngzōngcè dvcìrìò lúnkv́ng za nø sǿmlòng nvng sing nø̀ bv̀nlì shvriwe mvtú sv̀ng (  ) ni kení (  ) ni høq dvtøpshie.

2. Dvtøp lúnwe nø lv̀ngpv̄ngrām dø íe:-

(A)____________________________________________

(B)____________________________________________

3. Wáālvm ràrì nø pv̄ngkaq dvtānshaqrì íe:-

(A)____________________________________________

(B)____________________________________________

4. Móngngø̀m dvtvng wunjí ràlvngrì, Vsuyaq ràlv̀ngrì, Vsuyaq mvdòrìí Tūbúm ràwe mvtúrì nø pv̄ngkaq dvtanshaqrì íe.

(A)____________________________________________

(B)____________________________________________

5. Dvtøpshi angciqrì dāng tvrà dvtúlv́m shún nvyǿe.

Móngwálmè / Móngwál

MòngzōNgcè Dang Wunji

Mø̀-íni

Bv̀nlì Dvpvt VdūWe Wunjí Vsuyaq Mvdòò Wunjí

Mvdv́m:–

1. Móngngø̀m wunjí, Mòngzōngcè dvcì dang wunjí ràlv̀ng.
2. Róngshøp.

**ပုံစံ (၁-ခ)**

# စိစစ်တွေ့ရှိချက် အစီရင်ခံစာ
## (နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ(က))

သို့

………….. တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု စိစစ်တွေ့ရှိ ချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက် ။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏တာဝန်ပေးအပ်သည့်စာ

၁။ ရည်ညွှန်းပါစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သည့်ကိစ္စရပ်ကို ( )ရက်နေ့မှ ( ) ရက်နေ့အထိ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၃။ ဆောင်ရွက်ပေးသင့်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၄။ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်း များက ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်- (က)

____________________

(ခ) ____________________

၅။ စိစစ်တွေ့ရှိချက်အပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
သို့မဟုတ်
တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီး

မိတ္တူကို -

၁။ ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

၂။ ရုံးလက်ခံ

**Dvlà(1-C )**

**Dvtøpshi nǿ yv́ngshi tvrà dvtàn we**

**( Tóngdvrá 10, Tóngdvrá dvgv̀ng (A) )**

Tuq,

Móngngǿm Wunjí

Mòngzø̄ngcè Dvcì Dang Wunjí

Kèní tiqdvtv̀ng,

_____________Móngwálmè/Móngwál Vsuyaq Mvdò

Angni: Nǿng, shvlá ni.

Mvtú. **Móngzø̄ngcè dvcìrìò lúnkv́ng zā nǿ sǿmwe dang Dvtøpshi tvrà shádvzv́r nǿ shúnwe.**

Tvnuciq: Móngwálmè /Móngwál vsuyaq mvdòí bvnlì shvrikàru.

1. Tvnuciq kàru dø móngzø̄ngcè dvcìrìò lúnkv́ng zàlv́m sǿmlv́m nvng sing nǿ dvtøp dvzvrlòng (  ) kèní (  ) ni høq dvtøpshi bǿì.

2. Dvtøp lúnshìwe nø lv̀ngpvngkaq dvtanshì dø íe:-

(A)_____________________________________________

(B)_____________________________________________

3. Bvnlì wárà we mvtúrì nø pv̄ngkaq dvtanshaq ciqrì íe.

(A)_____________________________________________

(B)_____________________________________________

4. Móngngǿm dvtvng wunjí ràlv̀ngrì,vsuyaq ràlv̀ngrì, vsuyaqò mvdòrìí Tūbúm ràwe angciqrì nø pvngkaq dvtanshiri íe:

(A)_____________________________________________

(B)_____________________________________________

5. Dvtøpshì dang taq dvtúlvm røtnímshǿnge.

Móngwálmè / Móngwál

MòngzøNgcè Dvcì Dang Wunjí

Mǿ-íni

Bvnlì Tvnùnglv́m Dvpvt We Vsuyaq Wunji Mvdò Wunjí

Mvdv́m:–

- Róngshøp.

ပုံစံ(၁-ဂ)

**စိစစ်တွေ့ရှိချက် အစီရင်ခံစာ**
**(နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ(က))**

သို့
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

မှတစ်ဆင့်
………….. တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု စိစစ်တွေ့ရှိ ချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက် ။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏တာဝန်ပေးအပ်သည့်စာ

၁။ ရည်ညွှန်းပါစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သည့်ကိစ္စရပ်ကို ( ) ရက်နေ့မှ ( ) ရက်နေ့အထိ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၃။ ဆောင်ရွက်သင့်သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၄။ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊အစိုးရအဖွဲ့အစည်းများက ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၅။ စိစစ်တွေ့ရှိချက်အပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
သို့မဟုတ်
တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီး

မိတ္တူကို -
ရုံးလက်ခံ

**Dvlà ( 1-D )**

**Dvtøp yv́ng yv́ngshidāng shádvzv́rwe**

**( Tóngdvrá 11 )**

Tuq,

____________ Móngwálmè Móngwál vsuyaq mvdò
Angni. Nǿng, shvlá ni.

Mvtú: **Móngzōngcè dvcìrìò zàlv́m sǿmlv́m dang dvtøpshì tvrà shádvzv́r nǿ shúnwe.**

Tvnuciq: Móngwálmè / Móngwál vsuyaqí bv̀nlì shvrīkàrū.

1. Dvtúciq dø móngzōngcè dvcìrìò lúnkv́ng zàlv́m sǿmlvm nvng sing nǿ dvtøpshilòng (     ) kèní (     ) ni høq dvtøpwe bv̀nli wáshì bǿì.

2. Dvtøpshìwe mvtúciqrì nø pv̄ngkaq dvtānshì dø íe:-
(A)____________________________________________
(B)____________________________________________

3. Sūnshiwe ciq
____________________________________________
________________

4. Ràdāng dvtúlv́m vlǿmshòngē.

Móngwálmè / Móngwál
MòzōNgè Dvcì DāNg Wunjí
Mò-íni
Bvnlì Dvpvt Vdū We Vsuyaq Mvdò Wunjí

Mvdv́m:–
- Róngshøp.

ပုံစံ ( ၁-ဃ )

**စိစစ်တွေ့ရှိချက် အစီရင်ခံစာ**
**(နည်းဥပဒေ ၁၁)**

သို့

………….. တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု စိစစ်တွေ့ရှိ ချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးအပ်သည့်စာ

၁။ ရည်ညွှန်းပါစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်ကို ( ) ရက်နေ့မှ ( ) ရက်နေ့ အထိ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________________________

(ခ) ______________________________________________

၃။ သုံးသပ်တင်ပြချက်

______________________________________________

______________________________________________

၄။ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
သို့မဟုတ်
တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီး

မိတ္တူကို -
ရုံးလက်ခံ

**Dvlà ( 2 )**

**Shúnkàrū**

**( Tóngdvrá 17 )**

Tuq,

_______________MóngzōNgcè Dvcì Dang Wunjí

_______________Móngwálmè/Móngwál Vsuyaq Mvdò Kèní tiqdvtv̀ng

Gvmānshú

Móngzōngcè lúnkv́ng kupgar roqrim shōlshú ràlv̀ng

_____________________Móngwálme / Móngwál

Angni: Nøng, Shvlá ni.

Mvtú: **Rvzòng dang shvrv́m shvráālv́m shúnwe.**

1.______________________________________________________

2.______________________________________________________

Wurmāl ___________________________

Shún-gø ___________________________

Móngdàncè dvtøpgø̀ gorø ___________________________

Angpè àngmè bøng ___________________________

Lvpat ___________________________

Dvcì / Noqngø̀m we ___________________________

Bv̀nlì /vyā /dvtv̀ng ___________________________

Toqtiplv́m v̄lzàng ___________________________

Ph: ___________________________

Mvdv́m: -

1. Móngwálme /Móngwál vsuyaq mvdò
2. _______Vdè øpgøm vkánglun shølshú mvdò

ပုံစံ (၂)

## တင်ပြစာ
## (နည်းဥပဒေ ၁၇)

သို့

............. တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

............. တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

မှတစ်ဆင့်

ညွှန်ကြားရေးမှူး

တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန

..............တိုင်းဒေသကြီး/ ပြည်နယ်

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အငြင်းပွားမှုအပေါ် ညှိနှိုင်းဖြေရှင်းပေးနိုင်ပါရန် တင်ပြခြင်း**

၁။ ________________________________________________

__________________________________________________________

၂။ ________________________________________________

__________________________________________________________

| | |
|---|---|
| လက်မှတ် | __________ |
| တင်ပြသူအမည် | __________ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | __________ |
| မိဘအမည် | __________ |
| အသက် | __________ |
| လူမျိုး၊ ဘာသာ | __________ |
| အလုပ်အကိုင်/ ရာထူး /အဆင့် | __________ |
| ဆက်သွယ်ရန်လိပ်စာ | __________ |
| ဖုန်းနံပါတ် | __________ |

မိတ္တူကို -

၁။ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့

၂။ ..........ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့

**Dvla ( 2-A )**

**Rvzòng tvrà dvzø̀lwe dang kàru**

**( Tóngdvrá 18, Tóngdvrá dvgv̀ng (B) )**

Tuq,

_______________ Móngwálmè /Móngwál vsuyaq mvdò

Angni: nǿng, shvla ni.

Mvtú. **Rvzòng dāng dvzǿlshì tvrà shádvzv́rwe.**

1. Móngzø̄ngcè didaq mø̀-íni móngzø̄ngcè vdòng bø̀nbūng we rvzòng tvrà dāng (  ) kení (  ) ni høq shvngūnshì bǿi.

2. Rvzòng dāng mvtúciqri nø pv̄ngkaq dvtanshì dø ie:-
(A)_______________________________________________
(B)_______________________________________________

3. Dvzǿllúnshì ciqrì nø lv̀ngpv̄ngkaq dvtānshì dø ie.
(A)_______________________________________________
(B)_______________________________________________

4. Dvzǿl mà-lúnciq ri nø pvngrām dvtanshaq ciqrì ie.
(A)_______________________________________________
(B)_______________________________________________

5. Dvdv̄m nø cūnshi we nø-
(A)_______________________________________________
_________________

6. Ràlòng dvtúlv́m vlǿmshønge.

Móngwálmè / Móngwál

Mòngzø̄ngcè dvcìdāng wunjí

Mvdv́m:–

- Róngshøp.

ပုံစံ (၂-က)

## အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းချက် အစီရင်ခံစာ

## (နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ခ))

သို့

............. တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းချက် အစီရင်ခံစာတင်ပြခြင်း**

၁။ တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ တင်ပြလာမှုကို ( )ရက်နေ့မှ ( ) ရက်နေ့အထိ ညှိနှိုင်းဖြေရှင်းခဲ့ပါသည်။

၂။ အငြင်းပွားမှု၏ အခြေခံအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၃။ ညှိနှိုင်းဖြေရှင်းနိုင်သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၄။ ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၅။ သုံးသပ်တင်ပြချက်

(က) ____________________

(ခ) ____________________

၆။ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

မိတ္တူကို -

ရုံးလက်ခံ

**Dvlà ( 2- B)**

**Rvzòng dāng dvzøl nǿ shvrv́mwe karu**

**( Tóngdvrá 18, Tóngdvrá dvgv̀ng (B) )**

Tuq,

Móngngǿm wunjí

Mòngzōngce dvcì dāng wunjí ràlv̀ng

Angni: nǿng, shvlá ni.

Mvtú: **Rvzòng dāng mòng dvzǿlshi tvrà.**

1. Móngzōngcè didaq mǿ-íni móngzōngcèrì vdòng rvzònglvm bǿn dāng svng ( ) ni keni ( ) ni høq dvzølwe wáshì bǿì.

2. Rvzòng we nø pv̄ngkaq dvtānshaq dø tiqdvchá íe:-

(A)____________________________________________

(B)____________________________________________

3. Dvzǿlshì bǿì ciqrì nø pv̄ngkaq dvtanshaq ciqrì íe:-

(A)____________________________________________

(B)____________________________________________

4. Dvzǿl mv-lúnshi dāng nø pvngkaq dvtanshaq ciqrì íe:

(A)____________________________________________

(B)____________________________________________

5. Dvdvmshi nǿ sūnshi ciqrì:

____________________________________________

____________________________________________.

6. Ràdāng dvtúlv́m rvt vlǿmshønge.

Móngwálmè /Móngwál

Mòngzōngcè dvcì dang wunjí

Mvdv́m:–

- Róngshøp

ပုံစံ (၂-ခ)

**အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းချက် အစီရင်ခံစာ**
**(နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ခ))**

သို့

ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းချက် အစီရင်ခံစာတင်ပြခြင်း**

၁။ တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွား သည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ တင်ပြလာမှုကို( ) ရက်နေ့မှ ( ) ရက်နေ့အထိ ညှိနှိုင်းဖြေရှင်းခဲ့ပါသည်။

၂။ အငြင်းပွားမှု၏ အခြေခံအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၃။ ညှိနှိုင်းဖြေရှင်းနိုင်သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၄။ ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) ____________________

(ခ) ____________________

၅။ သုံးသပ်တွေ့ရှိချက်

____________________

____________________

၆။ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

မိတ္တူကို -

ရုံးလက်ခံ

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့်
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့(ရဝမ်)တို့မှပူးပေါင်းဘာသာပြန်၍
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ထုတ်ဝေသည်။